# တီမောလက်စ်တေ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ကတိကဝတ်ပြု ဆောင်ရွက်ချက်သည် အာဆီယံအတွင်း မြန်မာ့အရေးဆိုင်ရာ အလှည့်အပြောင်းတစ်ခုဖြစ်သည်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်။

တီမောလက်စ်တေသည် အာဆီယံအဖွဲ့ဝင်ဖြစ်ပြီးနောက် လပိုင်းအတွင်း ချက်ချင်းဆိုသလိုပင် ငြိမ်းချမ်းရေး အပေါ်ထားသော ၎င်း၏ကတိကဝတ်ကို ဖြည့်ဆည်းကာ ခေါင်းဆောင်မှုကို ပြသလိုက်သည်ဟု မြန်မာနိုင်ငံ ဆိုင်ရာအထူးအကြံပေးကောင်စီကပြောကြားလိုက်သည်။

ဖေဖော်ဝါရီလအစောပိုင်းတွင် တီမောလက်စ်တေသည် မင်းအောင်လှိုင်အပါအဝင် မြန်မာစစ်အုပ်စုကို စစ်ရာဇဝတ်မှုများ နှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများအတွက် စွဲချက်တင်နိုင်ရေး ဖြစ်နိုင်ခြေနည်းလမ်းများကို ဖော်ထုတ်ရန် တရားရေးအရာရှိတစ်ဦးခန့်အပ်ခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်ခုက အခြားအဖွဲ့ဝင်နိုင်ငံတစ်ခုအပေါ် ဤသို့ အရေးယူဆောင်ရွက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး အာဆီယံ၏စုဖွဲ့မှုအတွက် အလှည့်အပြောင်းတစ်ခုလည်းဖြစ်သည်ဟု Myanmar Accountability Project က ဆိုသည်။

မင်းအောင်လှိုင်ကို တရားဥပဒေအရ စစ်ဆေးအရေးယူနိုင်ရေး ကြိုးပမ်းမှုများ ပိုမိုများပြားလာလျက်ရှိရာ တီမောလက်စ်တေနိုင်ငံက ဤသို့ကမကထပြု၍ နိုင်ငံတကာတရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးလိုက်ခြင်းသည် အလားတူ အရေးယူနိုင်ရေး နောက်ဆုံးထပ်မံထွက်ပေါ်လာသည့် ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ ယမန်နှစ် ဖေဖော်ဝါရီလတွင် ရိုဟင်ဂျာ လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုနှင့် စပ်လျဉ်း၍ မင်းအောင်လှိုင်အပါအဝင် မြန်မာနိုင်ငံထိပ်ပိုင်းအရာရှိ ၂၅ ဦးကို အာဂျင်တီးနားတရားရုံးတစ်ခုက ဖမ်းဝရမ်းထုတ်ခဲ့သည်။ အလားတူ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ရိုဟင်ဂျာပြည်သူများအား လူသားမျိုးနွယ် အပေါ် ကျူးလွန်သောရာဇဝတ်မှု၊ အဓမ္မနှင်ထုတ်ခြင်းနှင့် နှိပ်ကွပ်ခြင်းများအတွက် မင်းအောင်လှိုင်ကို ဖမ်းဝရမ်းထုတ်ပေးရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) တရားစွဲအရာရှိချုပ်က ရုံးတော်ကို လျှောက်ထားခဲ့သည်။ ပြီးခဲ့သော လအနည်းငယ်ကလည်း ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် စွပ်စွဲ ထားသောအမှုအတွက် နိုင်ငံတကာတရားရုံး (ICJ) က လူမျိုးသုဉ်းသတ်ဖြတ်မှု တားဆီးရေးနှင့်ပြစ်ဒဏ် ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (Genocide Convention) အရ တံခါးဖွင့်ကြားနာစစ်ဆေးမှုများ ပြုလုပ်ခဲ့ကာ နှုတ်ဖြင့်အပြန်အလှန် ချေပထွက်ဆိုချက်များကို ကြားနာခဲ့သည်။

စစ်အုပ်စုမှာမူ ကြိုတင်တွက်ဆထားသည့်အတိုင်းပင် တီမောလက်စ်တေကို သိမ်ဖျင်းစွာ မြန်မြန်ဆန်ဆန် လက်တုန့်ပြန်ခဲ့ကာ အာဆီယံ၏ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူကို ချိုးဖောက်သည်ဟု ဆိုကာ တီမောလက်စ်တေ၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီသံရုံးတာဝန်ခံကို နှင်ထုတ်ခဲ့သည်။ သို့သော် ဒေသတွင်း အကျပ်အတည်း ဖြစ်စေလောက်သည်အထိ စစ်အုပ်စုက ပြောင်းပြောင်းတင်းတင်း ကျူးလွန်

နေသော ရက်စက်မှုများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်ခုချင်းအပေါ်သော်လည်းကောင်း၊ အစုအဖွဲ့တစ်ခုလုံး အပေါ်လည်းကောင်း ကြီးမားသော သက်ရောက်မှုများ ရှိနေသည်။

ထို့ကြောင့် အာဆီယံသည် တီမောလက်စ်တေ၏ ကမကထပြုဆောင်ရွက်ချက်နှင့်ပတ်သက်၍ ရိုးရှင်းစွာ တုန့်ပြန်ကာ တီမောလက်စ်တေကို အားပေးထောက်ခံ၍ စစ်အုပ်စုကို ဝိုင်းဝန်းဖြို့ခွင်းသင့်သည်။ ၅ နှစ်ကျော် ကာလအတွင်း အာဆီယံသည် စစ်အုပ်စုကြောင့် အမြဲအရှက်တကွဲဖြစ်ခဲ့ရသည်။ အာဆီယံ၏ ဘုံသဘောတူ ချက်ငါးချက်သည်လည်း မင်းအောင်လှိုင်၏ ကတိကဝတ်ဖောက်ဖျက်မှုကြောင့် ၄၈ နာရီသာ ခံခဲ့သည်။ ထို့နောက်ပိုင်းတွင် စစ်အုပ်စုသည် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခြင်း၊ အငတ်ဘေး နှင့် သဘာဝဘေးအန္တရာယ်ကို လက်နက်အဖြစ် အသုံးပြုခြင်း၊ လူသားချင်းစာနာမှုအကူအညီများ ပိတ်ပင်ခြင်း၊ သန်းနှင့်ချီသောပြည်သူများကို နေရပ်စွန့်ခွာထွက်ပြေးစေခြင်း ထောင်ပေါင်းများစွာသော မြန်မာလူငယ်များကို အဓမ္မတပ်သားသစ်စုဆောင်းကာ ပြည်သူအချင်းချင်း ပြန်လည်တိုက်ခိုက်စေခြင်း စသည်တို့ကို ကျူးလွန်လာ ခဲ့သည်။ စစ်အုပ်စုသည် နိုင်ငံပြင်ပအထိ သက်ရောက်မှုများဖြစ်စေသော အထွေထွေအကျပ်အတည်းတစ်ခု ဖြစ်အောင် ဖန်တီးလာခဲ့ပြီး နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို ရှင်သန်ကြီးထွားလာစေခဲ့သည်။

လက်ရှိအာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံသည် လူသတ်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ မုဒိန်းမှုများ နှင့်ဆက်စပ်သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုများဖြင့် စွပ်စွဲခံထားရသော သမ္မတဟောင်း ရော်ဒရီဂို ဒူတာတေး ကို ICC ထံသို့ ဖမ်းဆီးလွှဲပြောင်းရန် ပံ့ပိုးကူညီခြင်းအားဖြင့် နိုင်ငံတကာဥပဒေအပေါ်ထားသော ၎င်း၏ကတိကဝတ်ကို ပြသခဲ့သည်။ ဒူတာတေးအပေါ် စွဲချက်များကို အတည်ပြုရန် သည်ဟိတ်မြို့တွင် ဤအပတ်ထဲ၌ ကြားနာစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်သည်။

ဖိလစ်ပိုင်သည် ယခုတစ်ကြိမ်တွင်လည်း မြန်မာနိုင်ငံနှင့်စပ်လျဉ်းပြီး အလားတူ မူကိုအခြေခံဆောင်ရွက်ကာ အာဆီယံကို ဦးဆောင်မှုပေးရမည်။ အများကမျှော်လင့်ထားသည့်အတိုင်း ICC က မင်းအောင်လှိုင်အတွက် ဖမ်းဝရမ်းထုတ်ပြန် လာသည့်အခါ (လက်ရှိတွင် "လျှို့ဝှက်" ထုတ်ပြန်ထားခြင်း မရှိသေးဟုသာ ယူဆ ထားပါသည်) မင်းအောင်လှိုင်ကို ဖမ်းဆီးကာ သည်ဟိတ်သို့ လွှဲပြောင်းပေးပို့နိုင်ရန် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ICC နှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း လူသိရှင်ကြား ထုတ်ပြန်အတည်ပြုသင့်သည်။ ထို့နောက်တွင် တီမောလက်စ်တေက ပူးပေါင်းပါဝင်လာပါလိမ့်မည်။ မလေးရှားနှင့် စင်ကာပူတို့ကလည်း ပံ့ပိုးမှုပေးရမည်။ ပြည်တွင်း ရာဇဝတ်ဥပဒေအသစ်တွင် လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုများ အပါအဝင် ပြင်းထန်သော နိုင်ငံတကာရာဇဝတ်မှုများကို ကိုင်တွယ်ခွင့် ပေးသည့် အပြည်ပြည်ဆိုင်ရာ စီရင်ဆုံးဖြတ်ပိုင်ခွင့် ပြဋ္ဌာန်းချက်ရှိထားပြီး လက်ရှိတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဥက္ကဋ္ဌလည်းဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ အနေဖြင့်လည်း အလားတူ အားပေးပံ့ပိုး သင့်သည်။

စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲအား ငြင်းပယ်သည့်ရပ်တည်ချက်ကို အခိုင်အမာစွဲကိုင်ထားခဲ့သော အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ရှေ့လျှောက်တွင် မြန်မာပြည်သူများအတွက် တရားမျှတမှုရှာဖွေနိုင်ရန် ပိုမို ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်များကို ဆက်လက်ချမှတ်ဆောင်ရွက်ရမည်။

Special Advisory Council for

# MYANMAR

မင်းအောင်လှိုင်နှင့် ၎င်းနှင့်အတူ ပါဝင်ကျူးလွန်သူများကို အရေးယူခြင်းသည် မြန်မာပြည်သူများ၏ မျှော်မှန်းချက်များ၊ လိုလားချက်များနှင့် ဒီမိုကရေစီအရေးလိုအင်ဆန္ဒများကို အပြည့်အဝ အလေးထားမှု ပေးနိုင်သည့် အနာဂတ်တစ်ခုသို့ လျှောက်လှမ်းနိုင်အောင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်သည်။ ထို့ပြင် အာဆီယံ၏ရပ်တည်မှုကို မြှင့်တင်ပေးနိုင်ပြီး ဒေသတွင်းရှိ အာဏာပါဝါမက်မောသော စစ်ဘက် ပုဂ္ဂိုလ်များထံသို့ ပြတ်သားသော သတိပေးချက်တစ်ခု ပေးပို့လိုက်ရာလည်း ရောက်သည်။

info@specialadvisorycouncil.org

www.specialadvisorycouncil.org

@SpecialCouncil

special-council.bsky.social